လမင်းထိုက်ခေါင်

# ရာဇဝင်မျဉ်းပြိုင်ပေါ်က ကတ္တီပါနှင်းဆီ

ဝတ္ထု | တိုစု

# ရာဇဝင်မျဉ်းပြိုင်ပေါ်က ကတ္တီပါနှင်းဆီအတွက် အမှာ စာ

## (၁)

ဝတ္ထု ကဗျာ ပြဇာတ် ဟူသော ရသစာပေအမျိုးအစားတွင် စာဖတ်သူအများ ဆုံး စိတ်ဝင်စားသည် မှာ ဝတ္ထုဖြစ်သည် ဟု ဆိုလျှင် မှားမည်မထင်ပါ။ ဘာကြောင့် ဝတ္ထုကို လူအများ ဆုံး စိတ်ဝင်စားရသနည်း။ ရှင်းပါသည် ။ ဝတ္ထုသည် လူအကြောင်းကို စိတ်အဝင်စားဆုံး ပုံစံဖြင့်ရေးသော စာမျိုးဖြစ်၍ ခေတ်အဆက်ဆက်တွင် ဝတ္ထုကို လူများ နှစ်သက်မက်မောစွာ ဖတ်ရှုခဲ့ကြခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည် ။

ဝတ္ထုဖတ်စဉ် အနည်းဆုံး ဝတ္ထုထဲကဇာတ်ကောင်ကို မိမိကိုယ်တိုင်အဖြစ် စိတ်ကူးယဉ်ကြည့်ရင်း ဝတ္ထုထဲက လူအမျိုးမျိုးအကြောင်းကို သိလာရသည် ။ ထို့အတူ ဝတ္ထုဆရာကပေးသော အသိအမြင်သင်ခန်းစာတို့ ကို ရမှန်းမသိရလာသည် ။ ကမ္ဘာ့စာပေအသီးသီးတွင် ဂန္ထဝင်မြောက်စာပေအဖြစ် ထိပ်ဆုံးတင်ထားရသော စာပေမှာ လည်း ဝတ္ထုကြီးများ ၊ ပြဇာတ်ကြီးများ ၊ ကဗျာကြီးများ သာ ဖြစ်သည် ကို မည်သူမျှ မငြင်းနိုင်ပါပေ။

## (၂)

၁၆ ရာစုမှ ၁၉ ရာစုအထိ စာရေးဆရာများ ရေးသည့် ပုံပြင်များ သည် ဝတ္ထု၏ ရှေ့ပြေး ဖြစ်၏။ ထို့ကြောင့် ဝတ္ထုတိုအစ ပုံပြင်ကဟု ပြောနို

င်သည် ။ ခရစ်မပေါ်မီ နှစ်ပေါင်း ၄၈ဝဝ ခန့်က ခါဖရီဘုရင်ပြောသည့် ပုံဝတ္ထုသည် ရှေးအကျဆုံး ဖြစ်၏။

ဝတ္ထုတိုနယ်ပယ်တွင် မူ ဝတ္ထုတိုဟူသော အမျိုးအစားကို အမေရိကန်စာရေးဆရာတို့ က ဦးဆောင်ခဲ့သည် ဟု ဆိုသည် ။ အထူးသဖြင့် အက်ဂါအယ်လင်ပိုးက စခဲ့သည် ။ သည့် နောက်မှ ထင်ရှားလာသူများ တွင် ပြင်သစ်စာရေးဆရာ ဂီးဒီမိုပါဆွန်း၊ ရုရှားစာရေးဆရာ အန်တီးချက်ကော့တို့ ဖြစ်၏။ သူတို့ သည် ကမ္ဘာ့ဝတ္ထုတို၏ ကနဦးကျေးဇူးရှင်ကြီးတွေဆိုလည်း မမှားပေ။

မြန်မာဝတ္ထုတိုအစကို ပြောရလျှင် ငါးရာ့ငါးဆယ်ကလို့ ပြောကြပါသည် ။ ငါးရာ့ငါးဆယ်တွင် ဘာသာရေးအမြင်နှင့် မကြည့်ဘဲ စာပေအမြင်နှင့် ကြည့်လျှင် ဝတ္ထုတိုများ ဟု ခေါ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည် ။ ဤသို့ဆိုလိုက်သဖြင့် နှိမ့်ချရာရောက်သည် ဟု မယူဆစေချင်ပါ။ ဘုရားဟောမဟုတ်သည့် စိတ်ကူးပုံပြင်တွေဟု သက်ရောက်စေလိုခြင်းမဟုတ်ပါ။ အသွင်သဏ္ဌာန်တွေကိုက ဝတ္ထုတိုများ သဏ္ဌာန် ဖြစ်နေလို့ ပါဟု မှတ်သားယူရဖူးပါသည် ။

၁၉၁၇ ခု မေလထုတ် သူရိယမဂ္ဂဇင်းမှာ ပါသော မောင်သိန်းတင် မသိန်းရှင် ဝတ္ထုသည် အစောဆုံးဝတ္ထုဟု ဆိုပါ၏။ သူရိယမဂ္ဂဇင်းအမှတ်(၂) ကစပြီး ထင်ရှားသော ကလောင်တစ်ဦးပေါ်ခဲ့ပါ၏။ ပြည်မောင်တင်ခေါ် ဒဂုန်ရွှေမျှားဖြစ်သည် ။ မြန်မာဝတ္ထုတိုကို သူရိယခေတ်က စခဲ့သော်လည်း ၁၉၂၈ ဒဂုန်မဂ္ဂဇင်းထွက်လာသောအခါမှ စာရေးဆရာ ဝတ္ထုတိုဆရာတွေ နာမည်ထွက်လာသည် ။ (ဇေယျ၊ မောင်သစ္စာ၊ ပီမိုးနင်း၊ ငွေလရောင်)။

၁၉၂၇ ကဝိမျက်မှန်မဂ္ဂဇင်း ပေါ်လာသောအခါ

ဝတ္ထုတိုခေတ်ကျယ်ပြန့်လာ၏။ ပီမိုးနင်း၊ ရွှေဥဒေါင်းတို့ သည် ပုံမှန်ရေး သည့် စာရေးဆရာတွေဖြစ်လာ၏။ ၁၈၃၂ ခု ဇန်နဝါရီ(၁၄) ရက်က ထုတ်ဝေခဲ့သော အယ်လင်ပိုး၏ ကမ္ဘာ့ပထမဆုံး ဝတ္ထုတို(မက်ဇင်ဂါစတိန်း )နှင့် နှိုင်းယှဉ်လျှင် မြန်မာဝတ္ထုတို ပေါ်ပေါက်ခဲ့သည် မှာ နှစ်ပေါင်း ၈၅ နှစ်ခန့် နောက်ကျခဲ့သည် ဟု ဆိုနိုင်ပါသည် ။

## (၃)

ဝတ္ထုတွင် ဇာတ်လမ်းသည် အရေးကြီးသလား။

'ဇာတ်လမ်းဟာ ဝတ္ထုမှာ အရေးကြီးဆုံးအချက်ပါပဲ' ဟု ပြောသော ဝတ္ထုစာရေးဆရာသည် ဇာတ်လမ်းဆင်တတ်သောဉာဏ် မရှိသည့် ပုဂ္ဂိုလ်မျှသာ ဖြစ်ချေမည်ဟု ပြောခဲ့ဖူးသော ဝတ္ထုစာရေးဆရာကြီး ဆမ္မားဆက်မော်မ်၏ စကားကလည်း မှတ်သားစရာကောင်းပါသည် ။

ဇာတ်လမ်းမှ သည် ဇာတ်ကွက်၊ ဇာတ်ကွက်မှ သည် ဇာတ်အိမ်အထိ တည်ဆောက်ရခြင်းမှာ လွယ်ကူသည့် အရာမဟုတ်။ ယင်းသို့တည်ဆောက်ရာ၌ ရည်ရွယ်ချက်ရှိဖို့ အရေးကြီးလှသည် ။ ထိုရည်ရွယ်ချက်သည် ပင်လျှင် ဝတ္ထု၏ တန်ဖိုးဖြစ်သည် ။

ခံတွင်းတွေ့စေသော အစာကို အစာကောင်းဟု ခေါ်ချင်လျှင် ခေါ်နိုင်၏။ စိတ်ကြိုက်တွေ့သော စာကိုလည်း စာကောင်းဟု ခေါ်ချင်လျှင် ခေါ်နိုင်ပါ၏။ သို့သော် အကြိုက်နှင့် အဓိပ္ပာယ်ညီမျှသော ထိုအကောင်းသည် ကိုယ့်အဖို့ ကွက်ကွက်ကလေးပဲ ဖြစ်နေတာလားဆိုသည် ကိုတော့ ထည့်သွင်းစဉ်းစားဖို့ လိုပေလိမ့်မည်။ အကောင်းနှင့် အကြိုက်တွင် လည်း မတူညီသောတန်ဖိုးများ ဖြင့် သီးခြားရှိနေလိမ့်မည်ထင်သည် ။

ယနေ့အဖွဲ့အစည်းအချို့က စုစည်းထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ်

စာအုပ်ပါ ဝတ္ထုတိုကိုလည်းကောင်း၊ အဖွဲ့အစည်းအချို့က ပေးအပ်သော ဝတ္ထုတိုဆုရ ဝတ္ထုတိုတို့ သည် လည်းကောင်း၊ အကောင်းကို ကိုယ်စားပြုသည် ထက် အကြိုက်ကိုပို၍ ဖောင်းပေးတတ်ကြသည် ပဲ ထင်ပါသည် ။

(၄)

လမင်းမောင်မောင်သည် အခုမှ စာရေးခါစ ကလောင်သစ်ကလေးမ ဟုတ်ပါ။ စာရေးသက်ပင် အတော်အတန်ရနေပြီဖြစ်သည့် ကလောင်ရှင် တစ်ဦးဖြစ်သည် ။ ဝတ္ထုရှည်လုံးချင်းပင် ထုတ်ဖူးပြီ။ ရွှေအမြုတေမဂ္ဂဇင်းလက်ထွက် ကလောင်ဟု ဆိုသော်လည်း ရွှေအမြု တေမဂ္ဂဇင်းတစ်ခုတည်းကိုသာ မဲတင်းရေးနေသူမဟုတ်။ သူ့ဝတ္ထုတိုများကို မဟေသီ၊ ကလျာ၊ ပေဖူးလွှာ၊ FACES နှင့် TREASURE LAND စသည့် မဂ္ဂဇင်းတို့ တွင် မကြာခဏ တွေ့နေရ၊ ဖတ်နေရပြီဖြစ်သ ည် ။

သူသည် ဝတ္ထုတိုရေးအား ကောင်းသူ ဖြစ်၏။ သူ့ဝတ္ထုတိုများ အကြောင်းကို ကျွန်တော်ရေးမိလျှင်လည်း ကျွန်တော်ကြိုက်ကြောင်း တွေပဲ ရေးမိပေလိမ့်မည်။ ဒါကြောင့် ကျွန်တော် ရေးမပြလိုတော့ပါ။ သူ သည် စာပေလိုက်စားသည့် စာပေသမားလည်း ဖြစ်၏။ သူတစ်ပါးကို ကူညီထောက်ပံ့ရတာကို ဝါသနာထုံသည့် ပရဟိတသမားလည်း ဖြစ်၏။ စာလည်း သင်ဖူး၏။ ညှော်လမ်းညွှန်လည်း လုပ်ဖူး၏။ သူ့စာတွေကိုဖတ် ရင်း သူ့အကြောင်းသူ့ရုပ်ပုံလွှာကို တစ်ပိုင်းတစ်စ သိခွင့်ရလိုက်ခြင်းပင် ဖြစ်၏။

စာရေးဆရာတစ်ယောက်၏ ရှိသင့်ရှိထိုက်သည့် ရင့်ကျက်မှုပုံစံအရ ပြောရလျှင် သူ့တွင် ဘက်စုံပညာရေး ဘယ်လောက်ရှိသလဲ။ သူ့ကိုယ်သူ

တည်ဆောက်ဖို့ အကြားအမြင် ဘယ်လောက်စူးရှသလဲ။ ရသဗေဒကို ဘယ်လောက်သဘောပေါက်လဲ။ ပြီးတော့ ဘဝနှင့် ယှဉ်သော ဒဿန ဘယ်လောက်နက်ရှိုင်းစွာ ရှိသလဲ။

ဤအချက်များ နှင့် ပတ်သက်၍ သူကျင်လည်ဖြတ်သန်းနေရသော ဘဝအတွေ့အကြုံပေါ်တွင် ဘယ်လိုနှလုံးသားက ပြဋ္ဌာန်းထားသော စေတနာမျိုးဖြင့် ရင်ခုန်ဖြတ်သန်းခဲ့သလဲ ဆိုသည် ကိုမူ သူအားထုတ်ကြိုးပမ်းထားသည့် သူ့ဝတ္ထုတွေကသာ အကောင်းဆုံးပြောပြနိုင်လိမ့်မည် ထင်ပါသည် ။ စာရှုသူ စာချစ်သူတို့ ၏ ဟဒယနှင့် သာ ချိန်းထိုးကြည့်ကြပါကုန်။

လမင်းမောင်မောင် စာကောင်းပေမွန်များ ဆက်လက်ရေးသားနိုင်ပါစေ။

မေတ္တာဖြင့်

မြေလတ်မောင်မြင့်သူ

*

# ရှေးရှေးတုန်းကတော့ အလွန်သာယာစည်

ရွှေဗဟိုစည်သံများကိုလ ×× မကြားရတာ ကြာလေပြီ ×× လေးလရာသီ တိုင်းဌာနီ မဟုတ်ခဲ့ပါပြီမို့ ×× ကြက်သံကို ဗဟိုပြုရတယ် ×× ကွယ် ×× တောသူတို့ စည်၊ ဟိုးရှေးက မြန်မာနရီ ×× ပျို့တွေးရပြန်ပါသည် ×× ချိုအေးလှတဲ့ ရွှေဗဟိုစည် ×××

သီချင်းကို ဖြည်းလေးသွဲ့နွဲ့သီဆိုနေရင်း နှစ်ခေါ်သာသာ တောင်ကုန်းထက်က ပြည်ချစ်ဘုရားကြီးရှိရာ အဘွားက လက်အုပ်ကလေး ချီလိုက်သေးတာကို တစ်ချက်လှမ်းကြည့်ရင်း ကိုချစ်ထွေး ရင်ထဲမကောင်း။ လပြည့်ညရဲ့ ထန်းတစ်ဖျားသာသာ လရောင်ပါးပါးထဲကနေ သူတို့ နေထိုင်ရာအိမ်က ဖူးတွေ့ရတဲ့ လျှပ်စစ်မီးရောင်လဲ့လဲ့နဲ့ စေတီတော်ကြီးရဲ့ ရှုမျှော်ခင်းကို ကြည့်ခဲ့ရတာ နှစ်တွေကြာခဲ့ပေမယ့် ဖူးမြော်မဝနိုင်သေးပါ။ ဒီလိုညမျိုးဆိုရင် အသက်ကိုးဆယ် ကျော် လာပြီဖြစ်တဲ့ အဘွားက အိမ်ရှေ့ကွပ်ပျစ်ပေါ်က တော်တော်နဲ့ မဆင်းတော့။ စောင်ထူထူခြုံပေး၊ မီးသွေးမီးဖိုပေးရတယ်။

မဟာမြတ်မုနိဘုရားမှာ ကွယ် မယ်နဲ့ မောင်သစ္စာပြုပါမယ် ×× စံမြန်းတဲ့ နန်းတော်ကြီးကိုကွယ် ×× လည်ကာကြည့်မယ် ××

လက်အုပ်ချီတာ မချသေးဘဲ အဘွားက သီချင်းပြောင်းသွားပြန်တယ်။ ဒီလိုညမှာ အဘွားကို အတင်းအိပ်ခိုင်းလို့ မရ။ သူ အိပ်ချင်ပြီဆိုရင် တောင်ဝှေးကိုအားပြုပြီး ကွပ်ပျစ်ပေါ်ကဆင်းတာတွေ့မှ သွားတွဲကြရ

တာပါ။ နေ့ခင်းက ခူးထားခဲ့ကြတဲ့ ဘိုစားပဲသီးတောင့်တွေကို အလတ်မ မိမွှေးနဲ့ အငယ်ဆုံးညီ မောင်လင်းတို့ က ချိန်၊ ကိုချစ်ထွေးက ပဲသီးတောင့်တွေထည့်ပြီးသား ပီနံအိတ်တွေကို ကြိုးနဲ့ ချည်ပိတ်။ မောင်နှစ်မသုံးယောက် အလုပ်ထဲမှာ ပဲ အာရုံစိုက်နေကြရင်း အဘွားဆီက သီချင်းသံကိုလည်း နားစွင့်နေမိလျက်သား။ အဘွား သီချင်းဆိုရင် ဘယ်သူမှ အသံကျယ်ကျယ် မထွက်ဖြစ်ကြတော့ပါ။

"ပဲသီးဈေးကလည်း တက်လာမလား အောက်မေ့တယ်၊ သုံးရာတောင်မကျော်ဘူးတော်၊ ဒီထက် ဈေးမကျတာ တော်သေးရဲ့ "

"ရတဲ့ ဈေးပေါ့ ညီမလေးရာ၊ မုန်လာဥတွေကျရင်တော့ တို့ ကံကောင်းမှာ ပါ"

မိမွှေးစကားကို တုံ့ပြန်လိုက်တဲ့ ကိုချစ်ထွေးကို မောင်လင်းက လှမ်းကြည့်တယ်။ ဟုတ်ပါရဲ့ ၊ မနှစ်ကလည်း ဒီလိုမျှော်လင့်ခဲ့မိတာပဲ။ အပွင့်တွေ ပွင့်ချိန်မှာ မှ မိုးက ရက်ရှည်သည်းလိုက်တာ ရှုံးရော။ နွားချေးဖိုး၊ ဆေးဖိုးတွေကို အဘွားရဲ့ နားကပ်ကလေးရောင်းပြီး ဆပ်ခဲ့ကြရတာပေ့ါ။ ဒီနှစ်လည်း နွေရာသီ ပီပီသသ မခံစားလိုက်ရဘဲ မိုးကဆက်တိုက်မို့ မုန်လာစိုက် နောက်ကျသွားခဲ့ရပြန်ရော။ မုန်လာကစိုက်စမှာ ရေလိုအပ်ပေမယ့် ပွင့်ချိန်ကျမှ မိုးသည်းလာရင်တော့ လူတွေမှာ အအိပ်ပျက်၊ အစားပျက်တဲ့ အထိ စိတ်ဆင်းရဲကြရတာမျိုးပါ။ ဒီနှစ် ပဲသီးအတော်ကလေးရတာမို့ မုန်လာအတွက် ကုန်ကျစရိတ်ခံသာပြီလို့ ကိုချစ်ထွေး စိတ်သက်သာမိရသေးတော့။ အခြားရောင်းရေးဝယ်တာလည်း သူတို့ မလုပ်တတ်ကြပါ။

လွမ်းရက်ပါ ×× ဆွေးရက်ပါ ×× တို့ ခေတ်နော် ×× ဟိုချိန်ခါ ×× လွန်သာယာ ×× မိဘများ ကြဲကြိုက်ခဲ့ပေ ×× ကြားရုံနဲ့ ကြေကွဲသလေ

×× ဝင်လာမစဲ အမြဲ ×× ဇရပ်ကြီးသဖွယ်ပဲ ×× ဒါ တို့ ဗမာပြည် ××
×

လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက သူငယ်ပြန်ချင်သလိုလို ဖြစ်လာခဲ့တဲ့ အဘွားရဲ့ ထူးခြားချက်က သီချင်းတွေ ဟိုတစ်စ သည် တစ်စ မပီမသ ဆိုတတ်လာတာပဲ။ ငယ်ငယ်က သည်းခြေခိုက်ခဲ့တဲ့ သီချင်းတွေကို မကြာခဏဆိုတတ် လာပြီး ဒီလိုညမျိုးမှာ ဆိုရင်တော့ အဘွားက မနားတမ်းဆိုနေတတ်တာ ကြာခဲ့ပြီပေါ့။ ဥရောပဆန်တဲ့ ဒီတောင်ပေါ်မြို့ကလေးကို သူတို့ ပြောင်းလာခဲ့ကြတာ ဆယ်နှစ်ကျော်ခဲ့ပါပြီ။ မိဘနှစ်ပါးကတော့ ဒီမရောက်ခင် မန္တလေးမြို့သစ်မှာ ပဲ ကွယ်လွန်ခဲ့ကြပြီး အမှ ညှိ့တဝင်းဝင်း အဘွားဖြစ်သူကတော့ သတိချို့ယွင်းတာကလွဲလို့ အအိပ်အစားမှန်မှန်နဲ့ အသက်ရှည်နေတာကို သူတို့ မောင်နှမတွေမှာ တာဝန်ပိုတယ် မငြိုငြင်ကြဘဲ ဝမ်းသာနေကြတာလည်း အမှန်ပါ။ ငယ်စဉ်ကတည်းက အဘွားရဲ့ ပြုစုသွန်သင်မှုအောက်မှာ ရှိခဲ့ကြတာမို့ ဒီအဘွားကို သံယောဇဉ်ကြီးကြရတာလည်း မဆန်း။

အဘွားပြောပြတဲ့ အိပ်ရာဝင်ပုံပြင်တွေကို သူတို့ မမေ့သေးသလို အဘွားရဲ့ ကျေးဇူးတွေကိုလည်း အမြဲသတိရနေကြဆဲပါ။ အဘွားက မန္တလေးသူစစ်စစ်၊ စည်းစနစ်ကြီးသလို အလှူရေစက် လက်နဲ့ မကွာခဲ့သူ၊ ဘုရားသွားကျောင်းတက် ဝတ်မပျက်ဖူးသူ။ အဘွားရဲ့ အိမ်က မဟာမြတ်မုနိဘုရားနဲ့ မဝေးတာမို့ ဥပုသ်နေ့တိုင်း အဘွားက မဟာမြတ်မုနိဘုရားကြီးကို မြေးတွေလက်ဆွဲပြီး သွားနေကျ။

“ကိုကျော်မင်းတို့ အကွက် သိန်းသုံးရာနဲ့ တည့်သွားပြီတဲ့ ၊ သိလား”

စကားမစပ် ဘာမစပ် ကိုလင်းစကားကြောင့် မိမွေးက ကိုချစ်ထွေးကို လှမ်းကြည့်ရင်းကပြောတယ်။

"ဟုတ်လား၊ ကျော်မင်းမိန်းမတော့ ရွှေတွေညွတ်နေအောင် ဝတ်မှာ မြင်သေးရဲ့ တော်။ မြေရောင်းပြီး ကားဝယ်ကြ၊ ဆိုင်ကယ်ဝယ်ကြ၊ ရွှေတွေသီးနေအောင် ဝတ်ကြ၊ ပြိုင်ကြ ဆိုင်ကြ၊ လူတွေမှာ တော့ တဖြည်းဖြည်းနဲ့ တောတွေထဲ ရောက်ကြတော့မယ်။ ကျုပ်တို့ အကွက် ဆိုရင် သိန်းငါးရာကျော်ရမယ်လို့ ပွဲစား ကိုကျော်ကြီးက ပြောတယ် တော့်"

"မရောင်းသေးပါဘူးဟာ၊ နောက်နှစ်ဆိုရင် ဒီထက်ဈေးပိုရမှာ ဟ"

ပြောရင်း အိမ်ပြင်ကွပ်ပျစ်ပေါ်က အဘွားရှိရာ ကိုချစ်ထွေး လှမ်းကြည့်မိရပြန်ရော။ ဟုတ်တယ်။ ဟိုပြောင်း သည် ပြောင်း နေရာဌာနတွေလည်း မနည်းတော့။ ကသီခဲ့ရတဲ့ အချိန်တွေကြား အဘွား အတော့်ကိုပင်ပန်းခဲ့တာ သူတို့ အသိ။ အဘွားရဲ့ တစ်ဦးတည်းသောသမီး အမေနဲ့ အဖေတို့ ရဲ့ အဆင်မပြေတဲ့ စီးပွားရေးအခြေအနေမှာ ဘိုးဘွားအမွေ မန္တလေးက ခြံနဲ့ တိုက်ကိုရောင်းတော့ အဘွားကျိတ်ပြီးငိုခဲ့ရှာတာပေါ့။ မြို့ပြင်ကိုပြောင်းရတဲ့ နေ့က ခြံထဲက မန်ကျည်းပင်ကြီးတွေကိုကြည့်ပြီး အဘွားကြေကွဲနေခဲ့တာ သူတို့ မမေ့ပါ။ မုံရွာမှာ ရှိကြတဲ့ အဖေ့အမျိုးတွေနဲ့ တော့ ကြာလေဝေးခဲ့ကြတော့တာပါ။ မြေဈေးတွေကောင်းလာတော့ မြို့သစ်က အကွက်ရောင်းပြီး သမန်းကုန်းဘက် သူတို့ ပြောင်းခဲ့ကြပြန်ရော။ အဲ့ဒီကနေ မိဘတွေဆုံးပြီး ဒီပြင်ဦးလွင်ကို ကိုချစ်ထွေးပဲ ရွေးချယ်ခဲ့တော့ အဘွား ခေါင်းညိတ်ခဲ့ရှာတာပါပဲ။

"ဟဲ့…ချစ်ထွေး၊ အဘွားကို နှမ်းဖတ်ဆုပ်ကလေး ကျွေးပါဦးဟဲ့ ငါ့မြေးရဲ့ "

ခပ်လှမ်းလှမ်းစားပွဲပေါ်ရှိ ပုလင်းထဲက နှမ်းဖတ်ဆုပ် လေးငါးလုံးထုတ်ပြီး အဘွားရှိရာ သူ ရိုရိုသေသေ သွားပေးတော့ အဘွားက ဆုတွေ

ပေးနေလေသေးရဲ့ ။

“တော်သေးတယ်၊ တစ်လောက မြင်းခြံကလာတဲ့ ဈေးသည် တွေဆီ က များများ ဝယ်ထားလိုက်လို့ သာ”

မိမွှေးစကားကို ဘာမှ မတုံ့ပြန်ဘဲ လုပ်စရာဆက်လုပ်ရင်း အတွေးစကို ဆွဲဆန့်မိလိုက်တယ်။ အဘွားတို့ က ဘိုးဘွားတွေလက်ထက်ကတည်းက ကွယ်ပိုးကွယ်ဝ ရှိခဲ့ကြသူတွေပါ။ ကိုယ့်ကျောင်း ကိုယ်ဆောက် ကိုယ်ကြည်ညိုရာ ဘုန်းကြီးကို ပင့်ဆောင်ကိုးကွယ်ခဲ့ကြပုံ။ အခြွေအရံတွေရဲ့ အလယ်မှာ ဒေါင်းဘယက်တွေ၊ စိန်ကြယ်သီး၊ ရွှေခြေချင်း၊ ရွှေမန်ကျည်းသီးတောင့်တွေနဲ့ လူတွေရဲ့ ရိုင်းပင်းရိုးသား ချစ်ခင်စည်းလုံးမှုဆိုတာတွေဟာ အဘွားနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ကြတဲ့ အရာတွေပါ။ ခုကျတော့မှ တောမရောက်မြို့မဖြစ်တဲ့ နေရာကလေးမှာ အဘွားရဲ့ ကုန်ခန်းစ မီးစာကို အထီးကျန်စွာနဲ့ ဆက်လောင်နေရှာရတာ ကိုချစ်ထွေး စိတ်မကောင်းနိုင်ပါဘူး။

ဆီကိုရေချိုး ×× ဆေးရိုးမီးလှုံ ×× ဆေးရိုးမီးလှုံ ×××

နှမ်းဖတ်ဆုပ်မြို့ရင်းက သီချင်းဆိုနေတဲ့ အဘွားက ခေတ်ပေါ်အစားအစာကို လုံးဝ မစားတတ်။ နှမ်းဖတ်ချဉ်ကိုလည်း ခုထိစားဆဲ။ မြေပဲ၊ ပဲကြီး ကြိုက်ရှာပေမယ့် သွားကမရှိတော့ မဝါးနိုင်ရှာတော့ပါ။ ကိုချစ်ထွေးတောင် လေးဆယ်စွန်းခဲ့ပြီး မိမွှေးက သုံးဆယ့်ရှစ်၊ မောင်လင်းက နှစ်ဆယ့်ကိုး။ ဘယ်သူမှ အိမ်ထောင်ပြုဖို့ စိတ်ကူးမရကြသေး။ စိုက်ပျိုးရေးနဲ့ ကျောင်းပြီးခဲ့တဲ့ ကိုချစ်ထွေးက ဒီနေရာလေးကို မရွေးချယ်ခင် အရင် ဒီမြို့ရဲ့ တောင်ဘက် ထင်းရှူးတောစပ်မှာ နေခဲ့ကြသေးတာပါ။ ဒီနေရာကလေးကို သူတို့ သဘောကျသလို အဘွားခမျာလည်း ဒီနေရာရောက်မှ ပိုပြီးစိတ်ချမ်းသာလာတာ လက်တွေ့။ ဘုရား၊ ဘုန်းကြီးကျော

င်းနဲ့ လည်း မဝေး၊ တန်ဆောင်တိုင်ဆိုရင် မီးပုံးပျံပွဲရှိရာ အလွန်စည်ကားတဲ့ နေရာနဲ့ လည်း နီးနီးကလေး။ မီးပုံးပျံကွင်းထိ သွားစရာမလို။ အိမ်က ထိုင်ကြည့်နေရုံပဲ။ ရောက်ခါစက...

"ဟိုး တောင်ထိပ်က စေတီကြီးက မဟာမြတ်မုနိဘုရားပေါ့ အဘွားရဲ့ "

ဘုရားအထိ လိုက်မပို့ခဲ့ကြရပါ။ ယုံလား မယုံလားတော့မသိ။ အဘွားကတော့ လေးလေးပင်ပင် ခေါင်းညိတ်ပြပြီး ပြုံးတုံ့တုံ့နဲ့ ပါပဲ။ မနက်အိပ်ရာထ၊ ညအိပ်ရာဝင် ဘုရားရှိရာ ရှိခိုးဦးချတတ်တာလည်း နေ့စဥ်မပျက်ခဲ့တဲ့ အဘွားကို သတိကောင်းစဉ် လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်ကတော့ ပူဆာလွန်းလို့ မန္တလေးကို တစ်ခေါက်လိုက်ပို့ခဲ့ရဖူးတယ်။ ဘုရားကြီးရောက်တော့ ပြားပြားဝပ်ဦးချရာက ပြန်မထဘဲ ခန္ဓာကိုယ်တသိမ့်သိမ့်တုန်အောင် ကျိတ်ငိုခဲ့တဲ့ အဘွားကို ဘုရားဖူးတွေက ဝိုင်းကြည့်တော့ စိတ်ထဲဝမ်းနည်းသလိုလိုကြီးပေါ့။ အဘွားရဲ့ ရင်ထဲက ဝေဒနာပန်းချီကားကို ကိုချစ်ထွေး ပီပီပြင်ပြင် ကြည့်ခွင့်ရခဲ့တာ မမေ့နိုင်သေး။ ဘာသာ သာသနာ လူမှုရေးရာ အလေးထားလွန်းသူ မြန်မာမကြီး အဘွားရဲ့ ရင်ထဲမှာ လွမ်းဆွတ်မှုတွေ၊ ယူကျုံးမရမှုတွေ၊ နှမြောတသကြေကွဲမှုတွေနဲ့ ဘောင်ဘင်ခတ် ရှုပ်ထွေးနေခဲ့ပြီ။ ဘုရားကြီးကအပြန် မြို့ထဲပတ်ပြတော့ နန်းမြို့ရိုးကြီးကို အကြာကြီး စိုက်ကြည့်နေခဲ့တဲ့ အဘွားဟာ အခြားမြို့တွင်းက မြင်ကွင်းတွေကို တည်ကြည်ခက်ထန်လှတဲ့ မျက်နှာနဲ့ မှုန်ကုပ်ပြီး ခေါင်းတယမ်းယမ်းနဲ့ လုံးဝလျစ်လျူရှုခဲ့တာ သတိထားမိခဲ့တယ်။ အဘွားရဲ့ ဝမ်းကွဲဆွေမျိုးတွေကလည်း လူကြီးပိုင်းတွေမရှိကြတော့။ နောက်မျိုးဆက်တွေထဲမှာ လည်း ရှိသူတွေကမသိကြ၊ မခင်တတ်ကြတော့။ ရွှေ့ပြောင်းသွားသူတွေလည်း ရွှေ့ပြောင်းသွားခဲ့ကြပြီ။ ခုနေခါသာ မန္တလေးကို လိုက်ပို့ပါ ပူဆာခဲ့ရင်ဆိုတဲ့ အတွေးနဲ့

ကိုချစ်ထွေး မကြာခဏ ပူပင်မိပေမယ့် အဘွားကတော့ မပူဆာခဲ့ရှာ တော့ပါ။

တို့ ခေတ်တွင် မှ ညှံ့ကြတော့မှာ လား ×× တို့ ဗမာ ×× တို့ ဗမာ မ ဟုတ်လေသလား ×× တို့ ဗမာ ×× ဒါ တို့ ဗမာ ×× အားလုံးညီညီ ×× ယောကျ်ားဘသား တို့ ဗမာ ×× နောင်လာ နောင်သား ကောင်းစားဖို့ ရာ ×× တို့ ကိုယ်ကျိုး ×× လုံးလုံးမပါ ×××

အသံကိုမြှင့်ပြီး မာန်ပါပါဆိုလိုက်တဲ့ အဘွားရဲ့ သီချင်းသံကြောင့် မောင်နှစ်မသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြ သေးရဲ့ ။ ကိုချစ်ထွေးကတော့ ကြက်သီးမွေးညင်းများ တောင် ထမိရတဲ့ အထိပါ။ ဒီနေရာရောက်မှ ဘုရားရိပ်ကြောင့် လား မဆိုနိုင်၊ အဘွားမှာ ခွန်အားတွေတိုးလာသလို ထင်မှတ်မိကြသေးတော့။ ဒီနေရာမြေကွက် တွေက လွန်ခဲ့တဲ့ လေးငါးနှစ်ကဆိုရင် တစ်ဇကေ လေးငါးသိန်းပဲရှိရာက ခုတော့ သိန်းရာဂဏန်း အတော်များများ ဈေးပေါက်နေပြီး အချို့မြန်မာ တွေက ရောင်းချပြီး ခပ်ဝေးဝေး ဈေးချိုတဲ့ နေရာတွေမှာ မြေကွက်သစ် တွေဝယ်၊ ပြောင်းရွှေ့သွားခဲ့ကြပြီ။ လက်ကျန် ခြံနီးချင်း ဂေါ်ရခါး မိသား စုအချို့တောင် ရောင်းချပြီး ပြောင်းမယ်ရွှေ့မယ် တကဲကဲအသံတွေ ကြားလာနေရပါပကော။ ဝယ်လိုက်ကြတဲ့ သူတွေကလည်း တိုက်တာ တွေ၊ အဆောက်အဦတွေ ဆောက်လိုက်ကြတာများ နေ့ချင်းညချင်း ဖန် ဆင်းလိုက်ကြသလားလို့ တောင် အောက်မေ့မိသေးရဲ့ ။ ကိုယ့်မျက်စိ တောင် ကိုယ်မယုံချင်မိ။ ကိုချစ်ထူးတို့ မြေက သုံးဇကေကျော် လေးဇကေ လောက် ကျယ်တာမို့ သူတို့ အဆောက်အဦတွေနဲ့ တော့ ဝေးပေမယ့် တဖြည်းဖြည်း အထီးကျန်လာသလိုလို၊ အားငယ်လာသလိုလို ခံစားချက် က တစ်နေ့တခြား ကြီးထွားလာတာလည်း ကိုယ်တိုင်အသိဆုံး။ လွန်ခဲ့ တဲ့ နှစ်က အဘွားပြောဖူးတာကလေးလည်း သတိရမိသေးတယ်။

“ဒီတစ်ခါတော့ ဒီနေရာကနေ ပြောင်းမနေကြပါနဲ့ တော့ ငါ့မြေးတို့ ရယ်၊ မဟာမြတ်မုနိဘုရားကြီးနဲ့ နီးနီးကလေး နေပါရ၊ သေပါရစေကွယ်” တဲ့ ။

ပြောင်းရွှေ့ကြလေတိုင်း ဘာမှ တစ်ခွန်းမဟခဲ့ဖူးတဲ့ အဘွားစကားက ကိုချစ်ထွေးရဲ့ ရင်ကို သံနဲ့ ရိုက်ထည့်သလိုလို နာနာကျင်ကျင်နဲ့ စွဲဝင်သွားခဲ့တော့တာလေ။ ရင်ဝအထိ ဆို့တက်လာတဲ့ လောဘအလုံးက ကြီးသည် ထက်ကြီးလာရင်းက အဘွားရဲ့ ဆည်းဆာအချိန်ကလေးကိုလည်း တိမ်ရောင်စုံတွေနဲ့ လှလှပပလေး နိဂုံးချုပ်စေချင်တဲ့ စေတနာကလည်း ရှိပြန်ဆိုတော့ ပြောင်းရွှေ့ဖို့ ကို စိတ်ထဲက ထုတ်ထားခဲ့တာ ကြာပါပြီ။ ဝယ်လက်တွေက တစ်နှစ်ထက်တစ်နှစ်တိုး၊ ဈေးကလည်း ဆပွားလာသလို ပွဲစားတွေကလည်း ပေါမှ ပေါ။ မြင်းလှည်းသမား၊ ဆိုင်ကယ်တက္ကစီသမားတွေကလည်း သွားရင်းဟန်လွှဲ အိမ်ခြံမြေပွဲစားတစ်ဖက် လုပ်သူကလုပ်ကြရဲ့ ။ အချို့ဆို ဂေါ်ရခါး၊ ဟိန္ဒူ၊ တရုတ်စကားများ ပေါက်ပေါက်ဖောက်သလိုကို ပြောနိုင်ကြသေးတာ။ ခေတ်မီလှသူတွေ ပြောနေကြတာကတော့ ကမ္ဘာကြီးက ရွာတစ်ရွာဖြစ် လာပြီဆိုပဲ။ ဒါကြောင့် များ ဝင်ချင်သလိုဝင် နေချင်သလိုနေခွင့်တွေ ရလာနေကြသလားမသိ။ ကိုချစ်ထွေးတို့လို လူတွေမှာ တော့ သွားချင်ရာမသွားနိုင်ကြသလို လက်ရှိပိုင်ဆိုင်ကြတဲ့ မြေကွက်တွေကို ထိုးရောင်းပြီး တဖြည်းဖြည်းဝေးရာကို ရွှေ့ပြောင်းနေကြရတာကတော့ လက်တွေ့။ မရောင်းဘဲတောင့်ခံနေတာ သူတို့ လောက်ပဲရှိပါတော့တယ်။

“ဖော်ကြီးရဲ့ သုံးဘီး ပြောခဲ့ပြီးပြီလား ညီလေး”

“ဟုတ်ကဲ့၊ ပြောခဲ့ပြီးပြီ၊ နှစ်အိတ်လောက်တော့ ပိုနေဦးမှာ ။ ကျုပ်ဆိုင်ကယ်နဲ့ တင်ပြီး လိုက်သွားလိုက်မယ်နော် အစ်ကို”

ညဘက်ချိန်ပြီးသား ပဲအိတ်တွေကို မနက်စောစော ဒိုင်ကိုသွားပို့ရဦးမှာ မို့ ချိန်တွယ်ပြီးရင် အိပ်ရာအလုအယက် ဝင်ကြရပါဦးမယ်။

"ဆိုင်ကယ်တော့ သတိနဲ့ စီးကွာ"

ခုတစ်လော ဆိုင်ကယ်၊ ကား၊ ထော်လာဂျီ မတော်တဆမှု၊ လူသေတဲ့ သတင်းတွေ မကြာခဏ ကြားနေရတာကြောင့် စိတ်ပူရသေးတယ်။

"တို့ ငယ်ငယ်က မိန်းကလေးတစ်ယောက် စက်ဘီးစီးရင် အရပ်က မျက်စိစပါးမွေး စူးကြတာတော့်"

အဘွားပြောဖူးတာ မှတ်မိသေးတယ်။ ခေတ်ကလား၊ လူတွေကလား မသိ။ အရာရာ နေရာတကာမှာ ပြောင်းလဲမှုတွေက တစ်နေ့တခြား ဒီရေအလားပါပဲ။ ယာဉ်တွေ၊ လူတွေ၊ ဝတ်စားပုံတွေ၊ တစ်ဦးကတစ်ယောက် ဆက်ဆံပုံတွေအစုံပါပဲ။ ရုပ်ဝတ္ထုပစ္စည်း တိုးတက်မှုနောက်မှာ စံထားကြရမယ့် အခြေခံစိတ်ထား သဘောထားတွေ တိုက်စားချေဖျက် ယိုယွင်းကျန်ရစ်ခဲ့သလို ဖြစ်နေကြတာတွေက မမြင်ချင် မကြားချင်အဆုံး။ လူတွေကြားထဲမှာ ရိုးသားမှုတွေ ပျောက်ဆုံးနေတယ်လို့ ကိုချစ်ထွေး ခံစားနေမိသလိုလိုပါ။ ဒီလိုအနေအထားတွေကြားမှာ သက်သောင့်သက်သာဖြစ်အောင် ကြိုးစားနေထိုင်ရတာကိုက နေ့စဉ်ကိစ္စတစ်ခုလို ဖြစ်လာနေတာကလည်း လွယ်တဲ့ ကိစ္စတော့ မဟုတ်ပါ။

မြန်မာပြည် ဓာတ်လမ်းရှုပ်သမျှကို ×× ရွှေကညစ်နဲ့ ရေးကာ စာကို စီ ×× ရာဇဌာနီ မြနန်း အယုဇ္ဈမှာ ×× ကေရာဇ်နဲ့ ဝေးတာ ကြာလေပြီ ××

လ အတော်မြင့်တက်လာခဲ့ချိန်မှာ အဘွားက သီချင်းနောက်တစ်ပုဒ် ထပ်ဆိုပြန်ပါတယ်။ ကိုလိုနီအမွေ ခြေရာလက်ရာ အတော်ကလေးကျန်နေသေးတဲ့ ဒီမြို့ကလေးက အရင်ကတော့ ဒီလောက်လူနေမထူထပ်လှ

ပါ။ နွေရာသီအပန်းဖြေ မြို့ကလေး သက်သက်လောက်ပဲ ဖြစ်ခဲ့ရာက ခုတော့ တိုင်းရင်းသားတွေသာမက အခြားလူမျိုးတွေလည်း ခြေရာချင်းထပ်နေခဲ့ပြီလေ။

ရွှေမှန်ကင်းအစစ်က ×× ထင်းဖြစ်ခဲ့တာကြာပြီ ×× ရေစီးတစ်ခါ ×× ရေသာတစ်လှည့်စီ ×××

ခြံနီးချင်း ဂေါ်ရခါးကြီးက အရင်က အခြေအနေကို ပြန်အောက်မေ့ပုံက -

"အရင်က ကျားတွေ၊ ကျားသစ်တွေ ခဏခဏတွေ့ရတာ၊ ထင်းဆိုရင်လည်း လမ်းဘေးတင် ခဏလေးသွားကောက်ရုံပဲ၊ ခုတော့ တောဆိုတာလည်း မမြင်ရတော့ဘူး၊ ရာသီဥတုကလည်း မိုးရွာတုန်းကလေးပဲ အေးတာ၊ နေထွက်တာနဲ့ ပူလာလိုက်တာကွာ" တဲ့ ။

ရာသီဥတု ဆုတ်ယုတ်ပျက်စီးလာသလို လူတွေရဲ့ ဘဝကလည်း နေရာပေါင်းစုံတွေမှာ အနုတ်လက္ခဏာတွေသာ ပိုသိသာထင်ရှားလာတယ်လို့ ထင်မိတယ်။ မြေပြန့်ကနေတက်လာကြတဲ့ အားကောင်းမောင်းသန်လူကြီးလူငယ်၊ ကျား-မ၊ ကလေးတွေကအစ လူမျိုးခြားတွေရဲ့ အိမ်၊ ယာ၊ ခြံတွေမှာ လက်ခစား အလုပ်သမားတွေ ဖြစ်ကုန်ကြတာဟာ ငွေကြေးဆင်းရဲလို့ လား၊ ပညာမတတ်ကြလို့ လားလို့ အဖြေရှာမယ် ဆိုရင်တော့ ဂျာအေး သူ့အမေရိုက်သလိုပဲ နေမှာ ပါလို့ ကိုချစ်ထွေး ထင်မိတာပါပဲ။ ဒီလူတွေကြားမှာ ပဋိပက္ခ ပြဿနာကလေးတွေ၊ ပြိုင်ဆိုင်မှုတွေနဲ့ စည်းလုံးညီညွတ်မှု ကင်းမဲ့နေကြတာကလည်း စိတ်မသက်သာစရာလို့ ယူဆမိတာကလည်း တစ်မျိုးစိတ်ဆင်းရဲစရာလား မသိတော့။ အဘွားဆီက သီချင်းသံထွက်လာပြန်တယ်။

သခင်မျိုးဟေ့ တို့ ဗမာ ×× မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်

နဲ့ စာမရီသွေး ××× တို့ ဗမာ ×××

ကိုချစ်ထွေး စဉ်းစားနေမိတဲ့ အခြေအနေအမှန်တွေသာ အဘွားသုံးသပ်မိခဲ့ရင် ဘယ်လိုများ နေလေမလဲလို့ ကြားဖြတ်စဉ်းစားမိလိုက်သေးရဲ့ ။ ကိုလင်းက ပဲသီးအိတ်တွေကို လိုက်ရေတွက်နေရာက ရုတ်တရက် စကားစလိုက်တယ်။

“ခုနက မြေကွက်ကိစ္စဆက်ရဦးမယ်၊ ကျုပ်တို့ မြေ ဒီလောက်ဈေးကောင်းရနေပြီပဲဟာ၊ ရောင်းပြီးတော့ ဟိုးဘက်တောင်ကုန်းအလွန်မှာ မြေကွက်တွေ ဈေးချိုနေသေးတယ်တဲ့ ။ တစ်ဇကေ ရှစ်သိန်းလောက်ပဲ၊ အဲ့ဒီဘက်မှာ ဆယ်ဇကေလောက်ဝယ်၊ ပြောင်းနေကြရရင်ကောဟင် အစ်ကို၊ ကျုပ်တို့ မှာ ခြံနီးချင်းဗမာတွေလည်း မရှိကြတော့ဘူး။ ခုရောက်လာကြတဲ့ လူတွေက သူ့စကားကိုယ်မသိ၊ ကိုယ့်စကားလည်း သူတို့ နားမလည်နဲ့ အစ်ကိုရာ၊ ကိုယ့်တိုင်းပြည်ထဲမှာ နေနေပါရက်နဲ့ တဖြည်းဖြည်း အထီးကျန်လာနေသလိုကြီးဗျာ၊ ကိုကျော်ကြီးက ဝယ်လက်မနက်ဖြန်ခေါ်လာမယ်တဲ့ ”

ကိုလင်းရဲ့ စကားကို ကိုချစ်ထွေး ဘယ်လိုဖြေရမယ်မသိနိုင်။ ဒီအခြေအနေကို သူသိထားပေမယ့် သူတို့ မိသားစုတစ်စုသာ ရင်ဆိုင်နေတဲ့ အနေအထားတော့မဟုတ်ပါ။ မတန်တဆရလာမယ့် ငွေကြေးကို မက်မောတပ်မက်မှု ကြီးထွားလာတာနဲ့ အပြိုင် အဘွားရဲ့ နောက်ဆုံးအချိန်ကိုလည်း ဟိုးတောင်ကုန်းရဲ့ တစ်ဖက်ကို ရွှေ့မပစ်ရက်ပြန်ပါ။ စေတီတော်ကြီးကို မမြင်ရတဲ့ နေရာမှာ အဘွားနေပျော်ပါ့မလား။ အဘွားရဲ့ ဆန္ဒကို ပစ်စလက်ခတ်မလုပ်ရက်ပြန်။ ကိုချစ်ထွေးကိုယ်တိုင်က ဇဝေဇဝါဖြစ်နေတာအမှန်။ စကားမဆက်နိုင်ကြဘဲ ခဏငြိမ်သက်သွားကြပြန်ရော။ အဘွားကတော့ ဟိုရောက်ဒီရောက်ဆိုနေတုန်း။

ဝေဝေစည်စည် ×× ရွှေငွေအလီလီ ×× ဝေဝေစည်စည် ×× သာကီဇာနည် မင်းလုပ်ခဲ့တဲ့ နေပြည် ×× သိုက်တဘောင် တေးတွေ ညွှန်းခဲ့သည် ×× နဂါးမြွေကို ×× ခါတွေ လွှမ်းလိမ့်မည် ×× ကျားဘုရင်ကို သားသမင် ဝိုင်းချိမ့်မည် ×× ကြောင်တစ်သုတ်ကို ကြွက်အုပ်နှိမ်လို့ ချီ ×× တို့ မြန်မာပြည် ဇာတာဆန်းစ ပွင့်လန်းလာခဲ့ပြီ ×× ဘုန်းတေဇာ ×× သမ္မာလျှမ်းမည့် စာဆိုတွေနဲ့ အညီ ×××

"အဘွားကလည်း ဒီညမှ သီချင်းတွေ ဆိုလိုက်တာနော်၊ ဆယ်နှစ်နာရီကျော်ပြီ၊ အိပ်ကြစို့လားတော်"

မိမွေးစကားကြောင့် မောင်နှမသုံးယောက်လုံး တိုင်ပင်ထားကြသလို စေတီတော်ကြီးရှိရာကိုရော အဘွားကိုပါ ရှိခိုးကန်တော့လိုက်တော့ အဘွားက နားလည်သလို လှမ်းကြည့်ပြီး တောင်ဝှေးကိုအားပြု ကွပ်ပျစ်ပေါ်ကဆင်းဖို့ ကြိုးစားတာကြောင့် အားလုံးအဘွားကို သွားတွဲကြပါတယ်။ ကိုချစ်ထွေးက အိပ်ရာကို သပ်သပ်ရပ်ရပ်ပြုပြင်၊ ခြင်ထောင်ကိုပါချပေးပြီး အဘွားကို အိပ်ရာပေါ်လဲလျောင်းစေပြီးမှ မောင်နှမသုံးယောက် ကိုယ်စီအိပ်ရာဝင်ဖို့ ပြင်ကြရတယ်။ မနက်လင်းရင် ကိုယ်စီအလုပ်လုပ်ကြရဦးမယ်လေ။ အိပ်ရာထဲရောက်လို့ မကြာသေး၊ အဘွားဆီက စကားကြောင့် ကိုချစ်ထွေး အံ့သြရပြန်ပါရော။

"ငါ့မြေးကြီးရယ်...မင်း ဒီတစ်ခေါက် မန္တလေးဆင်းရင် မဟာမြတ်မုနိပုံတော် တစ်ပုံလောက် ပူဇော်ခဲ့စမ်းပါကွယ်၊ ပြီးတော့ အဘွားရဲ့ ခေါင်းရင်းမှာ ချိတ်ထားပေးပါ"

"ဗျာ"

နောက်ဆုံး စကားလုံးတွေထဲမှာ တုန်ယင်မွန်းကျပ်မှုတွေနဲ့ အတူ မွတ်သိပ်မှုတွေပါ ရောပြွမ်းနေတယ်လို့ ထင်လိုက်မိရင်း ကိုချစ်ထွေးရဲ့ ရ

င်ထဲ တစ်ဆို့ဆို့ကြီးဖြစ်ရတယ်။ ဘုရားချင်းအတူတူပါပဲလို့ သူ ဘယ်လိုပြောထွက်ရက်ပါ့မလဲလေ။

"ဟုတ်...ဟုတ်ကဲ့ အဘွား၊ ကျုပ်ဝယ်ခဲ့ပါ့မယ်။ အဘွား အိပ်တော့လေ"

"အေး...အေး"

တဖြည်းဖြည်း ညက ပိုလို့ တိတ်ဆိတ်သွားခဲ့တယ်။ ဒီနေ့ညကျမှ ကိုချစ်ထွေး တော်တော်နဲ့ အိပ်လို့ မရနိုင်။ မြေကွက်ဈေးကွက်တွေအကြောင်းက သူ့အာရုံကို စိုးမိုးနေကြတယ်လေ။ ငွေတွေရယ်၊ အဘွားနဲ့ စေတီတော်ကြီးရယ်က သူ့အတွေးထဲမယ် လွန်ဆွဲနေကြရင်း ည နှစ်ချက်တီးကျော် အိပ်ပျော်လုလုမှာ မှ -

ရတနာပုံနေပြည် ×× မင်းဆယ့်တစ်ဆက် (အုပ်စိုးခဲ့သည် )၂ ××× ရှေးရှေးတုန်းကတော့ ×× အလွန်သာယာစည် ×××

ဩော်...အဘွားခမျာ အိပ်မပျော်လို့ ဘဲလား၊ အိပ်ရင်းကယောင်ပြီး သီချင်းဆိုနေတာပဲလား။ အိပ်ပျော်လုလု စိတ်အာရုံနဲ့ သန်းခေါင်ကျော် အမှောင်ထဲမှာ သဲသဲကွဲကွဲ မသိနိုင်တော့ပါဘူး။ အိပ်ပျော်သွားခဲ့ပြီး အိပ်မက်ထဲမှာ လည်း အဘွားက သူတို့ မောင်နှမတွေကို ပုံပြင်ရှည်ကြီး တစ်ပုဒ်ဆက်ပြီး ပြောပြနေဆဲပါ။

"ဟိုးရှေးရှေးတုန်းက သိပ်ကိုစည်ကားသာယာဝပြောခဲ့တာပေါ့ မြေးတို့ ရယ်"

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၁၂**

*